**MTSH** Myanmar Thilawa SEZ Holdings Public Limited

11th Floor, UMFCCI Office Tower, No. 29, Min Ye Kyaw Swar Street, Lanmadaw Tsp., Yangon, Myanmar. Tel: +95-1- 2301772, 2301773

ရက်စွဲ။ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ (၂၃) ရက်

## တင်ဒါအောင်မြင်သည့် ကုမ္ပဏီများအားကြေညာခြင်း

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်) ပက်ဘလစ် လီမိတက် (MTSH) ၏ ကုမ္ပဏီခွဲ ဖြစ်သော သီလဝါ ပရောပါတီး ဒတ်ပလော့မင့် လီမိတက်မှ သီလဝါ အထူးစီးပွားရေးဇုန်အတွင်းရှိ လူနေအိမ်ယာနှင့် စီးပွားရေးဆိုင်ရာ အဆောက်အအုံ စီမံကိန်းနေရာတွင် ဟိုတယ်လုပ်ငန်းနှင့် စက်သုံးဆီအရောင်းဆိုင် လုပ်ငန်းများဖွင့်လှစ်ရန် စီစဉ်လျက်ရှိပါသည်။ သီလဝါ ပရောပါတီး ဒတ်ပလော့မင့် လီမိတက်အနေဖြင့် နိုင်ငံပိုင်သတင်းစာများနှင့် ပုဂ္ဂလိကပိုင်သတင်းစာများမှတဆင့် ပြည်တွင်း၊ ပြည်ပရှိ ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသူများအား ပွင့်လင်းမြင်သာစွာ တင်ဒါဖိတ်ခေါ်ခဲ့ပါသည်။

ဟိုတယ်လုပ်ငန်းအတွက် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၂၈) ရက်နေ့တွင် တင်ဒါဖိတ်ခေါ်ခဲ့ပြီး မြန်မာကုမ္ပဏီ (၁၁) ခု၊ စင်ကာပူကုမ္ပဏီ (၂) ခု၊ ဂျပန်ကုမ္ပဏီ (၁) ခု၊ ဖိလစ်ပိုင်ကုမ္ပဏီ (၁) ခု၊ ထိုင်ဝမ်ကုမ္ပဏီ (၁) ခုနှင့် တရုတ်ကုမ္ပဏီ (၁) ခု စုစုပေါင်း (၁၇) ကုမ္ပဏီမှ တင်ဒါလျှောက်လွှာများ လာရောက်ထုတ်ယူခဲ့ပါသည်။ အဆိုပါကုမ္ပဏီများအနက် ဂျပန်နိုင်ငံမှ Super Hotel Co., Ltd အား တင်ဒါအောင်မြင်သူအဖြစ် ရွေးချယ်ခဲ့ပါသည်။ Super Hotel သည် ရန်ကုန်မြို့ရှိ ဟိုတယ် (၁) လုံးအပါအဝင် နိုင်ငံရပ်ခြားတွင် ဟိုတယ် (၃) လုံးရှိပြီး၊ စုစုပေါင်း ဟိုတယ် (၁၁၉) လုံးကို ရင်းနှီးမြှုပ်နှံ လည်ပတ်လုပ်ကိုင်နေသော ဟိုတယ်လုပ်ငန်း အတွေ့အကြုံများစွာရှိသည့် ကုမ္ပဏီဖြစ်ပါသည်။ Super Hotel သည် သီလဝါ အထူးစီးပွားရေးဇုန် အတွင်းရှိ လူနေအိမ်ယာနှင့် စီးပွားရေးဆိုင်ရာ အဆောက်အအုံ ဧရိယာတွင် အခန်းပေါင်း (၁၂၉) ခန်းပါ ဟိုတယ်ကိုတည်ဆောက် လုပ်ကိုင်မည် ဖြစ်ပါသည်။

စက်သုံးဆီ အရောင်းဆိုင် လုပ်ငန်းအတွက် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ (၂) ရက်နေ့တွင် တင်ဒါဖိတ်ခေါ်ခဲ့ပြီး ကုမ္ပဏီ (၁၁) ခုမှ တင်ဒါလျှောက်လွှာများ ထုတ်ယူခဲ့ကြပါသည်။ အဆိုပါကုမ္ပဏီများအနက်မှ စက်သုံးဆီအရောင်းဆိုင် (၁) အတွက် Max Energy Co., Ltd နှင့် စက်သုံးဆီအရောင်းဆိုင် (၂) အတွက် မြင့်မြတ်ထွဋ်ခေါင်ကုမ္ပဏီတို့အား စက်သုံးဆီ လုပ်ငန်းလုပ်ပိုင်ခွင့်အတွက် တင်ဒါအောင်မြင်သူများအဖြစ် အသီးသီးရွေးချယ်ခဲ့ပါသည်။

အသေးစိတ် ကြေညာချက်များကို အချိန်နှင့်တပြေးညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

အေးဝင်း

အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်ဒါရိုက်တာ